**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ**

**သတင်းလွှာ (၄ /၂၀၂၃)**

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

အကြောင်းအရာ။ **နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်နှင့် ဆန်ထွက်ပစ္စည်းတင်ပို့မှုအပေါ် နိုင်ငံခြားငွေလဲလှယ်ခြင်းနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း**

၁။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဆန်နှင့် ဆန်ထွက်ပစ္စည်း တင်ပို့ရောင်းချရာတွင် ရရှိသည့် ပို့ကုန်ဝင်ငွေ (နိုင်ငံခြားသုံးငွေ) ကိုမြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့်နှုန်းထားဖြင့် မြန်မာကျပ်ငွေလဲလှယ်ခြင်းမပြုစေဘဲ ပို့ကုန်တင်ပို့သူအား ရာနှုန်းပြည့်ထုတ်ယူအသုံးပြုခွင့်ပေးလျှက်ရှိပါသည်။

၂။ ပို့ကုန်တင်ပို့မှုဆောင်ရွက်ရာတွင် ကုန်စည်အလိုက် မျှတမှုရှိစေရေးနှင့် ပြည်ပသို့ တင်ပို့သည့် အဓိကပို့ကုန်ပစ္စည်းများအပေါ် တစ်ပြေးညီကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဆန်နှင့် ဆန်ထွက်ပစ္စည်းများတင်ပို့မှုမှရရှိသည့် နိုင်ငံခြားသုံးငွေ၏ ၆၅% ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ စတင်၍ ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့် အညီသတ်မှတ်နှုန်းထားအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်ဖြစ်ပါသည်။

၃။ ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစတင်၍ တင်ပို့သည့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၏ ပို့ကုန်ဝင်ငွေအပေါ် တစ်ပြေးညီကျင့်သုံးမည်ဖြစ်ပါသဖြင့် အဆိုပါနေ့ရက်မတိုင်မီပြည်ပမှ ကုန်ဖိုးငွေကြိုတင်ပေးပို့ထားပြီးအဆိုပါ နေ့ရက်နှင့် နောက်ပိုင်းတွင် ပြည်ပသို့တင်ပို့မည့် ဆန်နှင့် ဆန်ထွက်ပစ္စည်း ပို့ကုန်ရငွေများကိုလည်း သတ်မှတ်နှုန်းထားအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်ဖြစ်ပါကြောင်းအသိပေးထုတ်ပြန်အပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**